# ခရစ်တော်ရဲ့ နောက်တော်သို့ လိုက်လျှောက်ခြင်း

RVA မြန်မာဘာသာပိုင်းအစီစဉ်ကိုနားဆင်နေကြတဲ့ သောတရှင်များအားလုံး မင်္ဂလာပါလို့ ကျနော် ကိုရင်ပါစကား သီကိုရှင်းမှ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ စစ္စတာရ်ိလူစီယားသန္တာအောင် တင်ဆက်နေပေးနေတဲ့ ဘဝအတွက်အလင်း ရောင်ခြည်ကဏ္ဍလေးကို ကျနော် အားဖြည့်ကူညီခွင့်ရတဲ့အတွက် ကျနော်ရဲ့အမ စစ္စတာရ်ိလေးကို ကျေးဇူးတင်မိသလို ယခု လို သောတရှင်တွေနဲ့ လေလှိုင်းထဲမှာ ပထမဆုံး တိုက်ရိုက်ထိတွေ့ခွင့်ရတဲ့အတွက်လည်း ဝမ်းသာအားရမိပါတယ်။ ဒီ တစ်ပတ်အတွက် ကျနော်တင်ဆက်ပေးချင်တဲ့ ခေါင်းစဉ်လေးကတော့ ၂၀၁၃ ခုနှစ် မေလ ၂၈ ရက်နေ့က ပုပ်ရဟန်မင်းကြီး ဖရန်စစ် အရှင်သူမြတ် မိန့်ကြားတော်မူခဲ့တဲ့ ခရစ်တော်ရဲ့ နောက်တော်သို့လိုက်လျှောက်ခြင်းဆိုတဲ့ သတင်းစကားလေးပဲ ဖြစ်ပါတယ်။

သောတရှင်ဓမမိတ်ဆွေအပေါင်းတို့ ပရိဘောဂဆိုင်တွေမှာသုံးတဲ့ အရောင်တင်ပေါလစ်ဆီကို တွေ့ဖူးကြမယ် ထင်ပါတယ်။ ခရစ်တော်ရဲ့အကြောင်းကို ကြေညာဟောပြောခြင်းဆိုတာ အဲ့ဒီပရိဘောဂ အရောင်တင်ဆီလိုမျိုး ဖြစ်လို့ မရပါဘူး။ ဘာလို့လဲဆိုတော့ ပိုလစ်အရောင်က အပေါ်ယံဆေးသားသက်သက်ပဲ။ အသားထဲကို စိမ့်မဝင်ဘူး။ အပေါ်ယံ အပြင်မှာပဲ တောက်တောက်ပြောင်ပြောင် လှနေတတ်တာ။ ဒီသဘောပါပဲ ခရစ်တော်ဘုရားရှင်ရဲ့ နောက်ကိုလိုက်ပြီဆိုရင် အပေါ်ယံ တောက်ပြောင်လှပနေတဲ့ ဂုဏ်ဒြပ်တွေ၊ ဩဇာအာဏာတွေကို မက်မောတမ်းတနေလို့ မပြီးပါဘူး။ ပေါလစ်ဆီက သစ်သားထဲကို စိမ့်မဝင်ပေမဲ့ ခရစ်တော်ရဲ့နောက်ကိုလိုက်လျှောက်သူတွေကတော့ ခရစ်တော်ကို အသားထဲ အသည်းထဲ ထိအောင် စိမ့်ဝင်နေရပါမယ်။ ခရစ်တော်နဲ့ ဘဝကို ပြောင်းလဲပစ်ရပါမယ်လို့ ပုပ်ရဟန်းမင်းကြီးက မိန့်မှာခဲ့ပါတယ်။

ဆက်လက်ပြီး တပည့်တော်ကြီး သံပေတရုက ဆရာသခင်ဖြစ်တဲ့ ယေရှုဘုရား ရှင်ကို မေးတဲ့မေးခွန်းလေးကို ပုပ်ဖရန်စစ်အရှင်သူမြတ်က စဉ်းစားစရာအဖြစ် ဝေမျှသွားခဲ့ပါတယ်။ သံပေတရုက 'ကိုယ်တော် . . . တပည့်တော်တို့ ကိုယ်တော်ရဲ့ နောက်ကို လိုက်ရင် ဘယ်လို ဆုလဒ်တွေများရနိုင်မှာလဲ' လို့ ကိုယ်တော်ကိုမေးခဲ့တယ်။ ဒီအခါမှာ ယေရှု ဘုရားရှင်တော်မြတ်က ဘယ်လို ပြန်ဖြေလဲဆိုရင် ' ချစ်သား . . . ငါ့နောက်ကို လိုက်ရင် ကောင်းတဲ့အရာတွေ အများကြီး ခံစားခွင့်ရမှာပါ။ ဒါပေမဲ့ မှတ်ထားပါ သုခချမ်းသာတွေဟာ ဒုကဆင်းရဲ ညင်းပမ်းနှိပ်စက်ခြင်းတွေကို ရင်းပြီးမှ ရလာတာ ပါ' လို့ ကိုယ်တော်က ပြန်ဖြေပေးခဲ့ပါတယ်။ ဟုတ်ပါတယ် . . . ဘုရားရှင်ရဲ့ နောက်ကို လိုက်လျှောက်ခြင်းဆိုတာ စွန့် လွှတ်အနစ်နာခံခြင်းတွေနဲ့ ခင်းကျင်းထားတဲ့ ကားတိုင်းလမ်းစဉ်တစ်ခုပါ။ ခရစ်တော်ဘုရားကိုယ်တော်တိုင် ဝေဒနာကြမ်း တဲ့ နွေတစ်ရာလမ်းကို ဖွေရှာလှမ်းလျှောက်ပြခဲ့ပါတယ်။ သူ့ရဲ့နောက်ကို လိုက်ချင်တဲ့ ကျနော်တို့တွေလည်း ထိုနည်းတူပဲ ကားတိုင်ထမ်းပြီး ခရီးပြုကြရမှာပဲလေ။

အပြစ်ကြောင့် ဘုရားနဲ့ ဝေးကွာခဲ့ရတဲ့ အပြစ်သားကို အချစ်ဘုရားက ပစ်မထားရက်လို့ ကယ်တင်ရှင်စေလွှတ် မယ်ဆိုတာ ပရောဖက် ဘိုးဘေးတွေကနေ တဆင့် ကယ်တင်ခြင်းဇတ်လမ်းကို ဇတ်ညွှန်းရေးခဲ့ပါတယ်။ ဒီဇတ်ညွှန်းကို

စကြားခဲ့တည်းက လူတွေက သို့လော သို့လောနဲ့ အတွေးကိုယ်စီရှိခဲ့ကြတာ အမှန်ပဲ။ ဘုရားရှင်ရဲ့ ကယ်တင်ခြင်း ဇာတ်ခုံမှာ အဓိကကျတဲ့ ဇာတ်ဆောင်မင်းသား ကယ်တင်ရှင်ဆိုတာ ဘုန်းတန်ခိုးအာဏာတွေ၊ တော်ဝင်နန်းထိုက်တဲ့ အဆောင်ယောင်တွေ၊ ဥ ဟပ်ချလောင်းဆို အရာရာဖြစ်လာစေနိုင်တဲ့ အစွမ်းထက် တန်ခိုးရှင် ဘုရားကို မျှော်လင့်ခဲ့ကြတယ်။ သူတို့မျှော်လင့်ခဲ့သလိုပဲ ကယ်တင်ရှင်ဟာ အစွမ်းတန်ခိုးရှိတဲ့သူပါပဲ။ ဒါပေမဲ့ သူ့ရဲ့ ဘုန်းတန်ခိုးအာနုဘော်ဟာ ပလင်ပေါ်မှာ မဟုတ်ခဲ့ဘူး။ ရာဇဝတ်သားတွေကို ကွပ်မျက်တဲ့ အကျည်းတန် ရုက်ဖွယ်ကောင်းတဲ့ ကားစင်ဆိုတာ သူ့ရဲ့ ဘုရား ဖြစ်ခြင်းကို ထင်းကနဲ ချပြပေးခဲ့တယ်။ လူတွေကတော့ ဘယ်လက်ခံနိုင်မလဲ။ သူတို့မျှော်လင့်တဲ့ဘုရားက ဒီလို နုံချာဆင်း ရဲတဲ့ သာမန် လက်သမားမိသားစုဘဝက ဆင်းသက်လာမယ်ဆိုတာ ဘယ်လိုမှ တွေးမထားမိကြပါဘူး။ ဒါကလည်း ဘုရားရဲ့ အစီအမံတစ်ခု ဖြစ်ခဲ့ရပါတယ်။ လူတွေမပြောနဲ့ ခရစ်တော်ဘုရားရှင်နဲ့ သုံးနှစ်သုံးမိုး ဆည်းကပ်လေ့လာခဲ့တဲ့ သူ့ရဲ့ တပည့်သာဝကတွေတောင် နားမလည်နိုင်ခဲ့ကြဘူးလေ။ နောက်ပိုင်းကျမှ တဖြေးဖြေးနဲ့ တပည့်တော်ကြီးတွေဟာ သူတို့ရဲ့ ဆရာသခင် ခရစ်တော်ရဲ့ ဘုန်းဂုဏ်တော်ဟာ ကားတိုင်ပေါ်မှာ ဖြစ်နေကြောင်း နားလည်လာခဲ့ကြတယ်။ ကန့်လန့်ဖြစ်နေတဲ့ ကားတိုင်ဟာ ကောင်းကင်နိုင်ငံတော် တံခါးဝကို ဆွဲဖွင့်ပေးလိုက်တဲ့ သော့တစ်ချောင်း ဖြစ်နေတယ် ဆိုတာ သိလာရတဲ့နောက်ပိုင်း ဆရာသခင်ရဲ့အကြောင်းကို မမောနိုင်မပမ်းနိုင် ဝေနေယျသတဝါအပေါင်းကို ကြေညာဟောပြောခဲ့ကြတာပေါ့။ နောက်ဆုံး အသက်ကိုတောင် မနှမြောဘဲ သွေးသွန်းစတေးခဲ့ကာ ကယ်တင်ခြင်း သမိုင်းကို မရိုင်းရအောင် ရေးထိုးခဲ့ကြတယ်။ အဲ့ဒီအတွက်ကြောင့် ခရစ်တော်ရဲ့ နောက်ကို လိုက်လျှောက်ကြတဲ့ ကျနော်တို့ ဘဝမှာလည်း ကားတိုင်ကို မေ့ထားလို့ မရပါဘူး။ ခရစ်ယာန်တစ်ယောက်ရဲ့ ဘဝဟာ ဘာဒုက အခက်ခဲမှ မရှိပါဘူး သိပ်ကို ဖိမ်ကျ အဆင်ပြေလွန်းပါတယ်လို့ ပြောရင် သေချာတယ် တစ်ခုခုတော့ လွဲနေပါပြီ။ အဲ့ဒီလူဟာ လောကီစည်းစိမ် တွေနဲ့ယစ်မူးပျော်ပါးနေတဲ့ လောကရဲ့ ဆွဲဆောင်မှု အောက်မှာ အိပ်မောကျနေတဲ့ လောကရဲ့ မိတ်ဆွေတစ်ယောက်ပဲ ဖြစ်နေပါတော့မယ်။ လောကီစည်းစိမ်တွေရဲ့ ဖျားယောင်းမှုဟာ အမှန်တော့ ခရစ်ယာန်တွေ သတိမထားမိတဲ့ အပြင်းစား နောက်ယှက်မှုကြီးတစ်ခုပါပဲလို့ ပုပ်ဖရန်စစ်က မိန့်မှာပြောကြားခဲ့ခြင်းပဲဖြစ်ပါတယ်။

သောတရှင်များခင်ဗျာ . . . ခရစ်တော်ရဲ့ နောက်ကို လိုက်လျှောက်ကြတဲ့အခါ သတိထားစရာတစ်ခုရှိပါတယ်။ အဲ့ဒါက တကယ်ပဲ ဒီလမ်း၊ ဒီဘဝရဲ့ တောင်းဆိုမှုတွေအတိုင်း ဖြည့်ဆည်းလျှောက်လှမ်းကြဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ဘုရားရှင်ရဲ့ နောက်ကို နီးနီးကပ်ကပ်လိုက်လျှောက်နေကြတဲ့ ရဟန်းကိုရင် သူတော်စင်ဘဝကို ကြည့်ကြည့်ပါ။ လူအမြင်မှာတော့ သူတို့ဘဝဟာ ဖိမ်ခံကားစီးပြီး ဘဝကြီးပွား လူလေးစားတဲ့ သူတွေ၊ အားကျဂုဏ်တင့် ဘဝမြင့်ပြီး ဩဇာပြည့်ဝ ကြသူတွေလို့ ထင်စရာရှိပါတယ်။ ဒီဘဝကို ခတုံးလုပ်ပြီး စီးပွားရှာ၊ အာဏာရှာ၊ အခွင့်အရေးတွေရှာကြဖို့ မဟုတ်ဘူးဆိုတာကို သိထားဖို့လိုပါတယ်။ သမိုင်းကိုပြန်ကြည့်ရင် အသင်းတော်မှာ အတွေ့ကြုံတွေအများကြီးပါပဲ။ မြေပိုင်၊ ငွေပိုင်၊ အာဏာပိုင်တွေနဲ့ အသင်းတော်ကိုအုပ်ချုပ်သူတွေရဲ့ ကိုယ်ကျင့်တရားတွေ ခြစားခဲ့ကြတာ သမိုင်းကပေးတဲ့ ဆင်ခြင်စရာ သင်ခန်းစာတစ်ခုပါ။ တချို့ကထင်နေကြတယ်။ ဘုရားရှင်ရဲ့နောက်တော်ကို လိုက်လျှောက်တဲ့ဘဝဟာ အသက်မွေးဝမ်းကြောင်းဘဝ တစ်ခုလို့ အတွေးမှားနေကြတယ်။ ပုပ်ရဟန်းမင်းကြီးက ပြတ်ပြတ်သားသားပဲ ပြောခဲ့တယ်။ ဒီဘဝဟာ

အသက်မွေးဝမ်းကြောင်းပြုတဲ့ လုပ်ငန်းတစ်ခု မဟုတ်ပါဘူး။ ဒီဘဝနဲ့ ရာထူးတွေ တိုးမြင့်ခံစားပြီး ဘဝလုံခြုံမှုကို ရယူချင်တယ်ဆိုရင်တော့ ဒါဟာ မှန်ကန်တဲ့စိတ်နေသဘောထား မဟုတ်ဘဲ လောကီက တွန်းပို့လိုက်တဲ့ လောကီ စိတ်ဓါတ်ပဲ ဖြစ်နေပါမယ်။ ဒီလို စိတ်ဓါတ်မျိုးနဲ့ သံပေတရုကိုယ်တိုင်က ကိုယ်တော့်ကို ချဉ်းကပ်မေးမြန်းခဲ့တာ မဟုတ်ဘူးလား။ ကိုယ်တော့်နောက်ကို လိုက်မယ် အဲ့အတွက် တပည့်တော် ဘာရမလဲ ဆိုတဲ့ ဆီးပေးဆန်ယူ စိတ်ဓါတ်နဲ့ မေးခွန်းထုတ်ခဲ့တာလေ။ ကိုယ်တော့်ရဲ့အဖြေကလည်း ရှင်းတယ်။ 'မင်းကိုအားလုံးပေးမယ် ဒါပေမဲ့ ညင်းပမ်းနှိပ်စက် ခြင်းတွေလည်းရှိမယ်။ ယေရှုဘုရားရှင်ရဲ့ လမ်းစဉ်မှာ ကြိုဆိုနေတဲ့ ကားတိုင်ကို ဖယ်ရှားထားလို့ မရပါဘူး' တဲ့။

သောတရှင်များ စဉ်းစားကြည့်စမ်းပါ . . . ဒုက မရချင်၊ သောက မကျချင်ဘဲနဲ့ သုခ 'တ' ချင်နေလို့ ရပါ့မလား။ လောကဓံကို မခံချင် ၊ ဘဝဒဏ်ကို မလှန်ချင်ဘဲနဲ့ စည်းစိမ်ခံ 'စံ' ချင်နေလို့လည်း မရဘူးနော်။ ချွေး မပေးချင်၊ သွေး မစတေးချင်ဘဲနဲ့လည်း အေးအေးဆေးဆေး 'ကလေး'မွေးလို့ရော ဖြစ်ပါ့မလား။ မျက်ရည် မကြွေချင်၊ ဆပ်ဖြေ မနေချင် ဘဲနဲ့ အရှက်ပြေသက်သက်နဲ့ ကျနော်တော့ မနေရဲဘူးဗျ။ ဒီအတိုင်းပဲ ကားတိုင်လမ်း မလှမ်းချင် ၊ ဒုကပန်း မနမ်းချင်ဘဲနဲ့ ခရစ်တော်ကို ဟစ်အော်နေလည်း အလကားပဲ မိတ်ဆွေ။ ကားတိုင်ပါမှ ခရစ်တော်လာမှာလေ။ ဘုရားနဲ့ ကားတိုင် မခွာနိုင်ဘူး။ ဘုရားကိုခေါ် ကားတိုင်တော်ပါ ပြေးကာပွေ့ပိုက် နှစ်ခြိုက်ကြိုဆို လက်ခံဖို့လည်း လိုပါတယ်။ ဒီလိုပြောလို့ ခရစ်ယာန် ဘဝဟာ မိမိကိုယ်ကို နာကျင်နေအောင် ညှင်းပမ်းနှိပ်စက်နေရမှာလားဆိုတော့လည်း မဟုတ်ပြန်ပါဘူး။ ဘုရားရှင်ပြတဲ့ လမ်းကို ဘုရားကို ချစ်မြတ်နိုးကြည်ညိုတဲ့ ရင်ထဲက မေတ္တတရားနဲ့ လိုက်လျှောက်ကြဖို့ ပုပ်ရဟန်းမင်းကြီး က မိန့်ခဲ့ခြင်းဖြစ်ပါတယ်။ မေတ္တာဖက်တဲ့အခါ နတ်ဆိုးက သစ္စာပျက်အောင် အပြစ်ရှာဖျက်တတ်တယ်။ ကားတိုင်းလမ်းကို မေတ္တာနဲ့ လျှောက်လှမ်းသက်သေပြနေတာကို နတ်ဆိုးက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးနော်။

ရဟန္တာမ မာသာရ်ထရေဇားကို မြင်ယောင်ကြည့်ပါ။ လောကီအမြင်ပဲ ရှိတဲ့သူတွေက မာသာရ်ထရေဇားဟာ နေ့စဉ်နဲ့အမှူ အများအတွက် အနစ်နာခံပေးဆပ်ခဲ့တဲ့ အံ့ဖွယ်မိခင်ကြီးတစ်ဦးလို့ပဲ မြင်ပါတယ်။ နာရီပေါင်းများစွာ ဘုရားရှင်ရဲ့ ရှေ့မျက်မှောက်မှာ ဘုရားနဲ့ဝတ်ပြုဆုတောင်းပေါင်းစည်းနေတာကို ဘယ်တော့မှ ထုတ်ပြောမှာ မဟုတ်ဘူး။ ဒီလိုပဲ လူတွေကိုလည်း ခရစ်ယာန်ဘဝရဲ့ ကားတိုင်ထမ်းခြင်းလမ်းစဉ်ကို မေ့ပျောက်စေပြီး လူမှုရေးလုပ်ငန်းတွေနဲ့ နစ်မြုပ် သွားအောင် နတ်ဆိုးက လှည့်ကွက်ပြုစားထားတာကို ဘယ်တော့မှ မမေ့ပါနဲ့။ အပေါ်ယံ ပေါလစ်ဆီလို တောက်ပြောင် နေတဲ့ဘဝဟာ ခရစ်ယာန်အသက်တာ မဟုတ်ဘူး။ ခရစ်တော်ရဲ့ အကြောင်းကို ဟောပြောသက်သေခံခြင်းကလည်း အပေါ် ယံပဲ နှမ်းဖြူးနေလို့ မဖြစ်ဘူး။ နှလုံးသားရဲ့ နက်ရှိုင်းသော အတွင်းနံရံတွေထိ ထိုးဖောက်စိမ့်ဝင်သွားအောင် ပြောင်းလဲ ရှင်သန်နေရမှာဖြစ်တယ်လို့ ပုပ်ဖရန်စစ်အရှင်သူမြတ်က ခွန်အားပေးသွားခဲ့တာပါ။

ဘုရားရှင်ရဲ့ ခြေရာတော်အတိုင်းလိုက်လျှောက်တယ်ဆိုတာ တကယ်မလွယ်ပါဘူး။ စွန့်လွှတ်ရတယ်။ ပေးဆပ် ရတယ်။ စိန်ခေါ်မှုတွေကို တုန့်ပြန်ရဲရတယ်။ အခက်ခဲတွေကို ပူဇော် ခံထမ်းရဲဖို့လိုတယ်။ ကားတိုင်လမ်းဟာ တကယ်တော့ ဆူးခင်းတဲ့လမ်းပါ။ စိတ်ပျံ့ချိန်မှာ ဆုတောင်းဖို့၊ အလှောင်ခံရချိန်မှာ ပြုံးပြလိုက်ဖို့၊ စော်ကားခံရတဲ့အခါ

ခွင့်လွှတ်ဖို့၊ နာကျင်ရတဲ့အခါ ကြင်နာပြလိုက်ဖို့ တကယ်မလွယ်ပါဘူး။ ခေါင်းမာသူကို ဖျောင်းဖျဖို့၊ အမှားတစ်ခုကို ထောက်ပြရဲဖို့၊ မျက်စိ နားတွေ ပိတ်ထားဖို့၊ ပြောသင့်တဲ့အချိန်မှာ နှုတ်ဆိတ်နေဖို့ ဟူး တကယ် မလွယ်ပါဘူး။ ဟုတ်ပါတယ် . . .။ ဘဝက ထင်သလောက် မလွယ်ပါဘူး။ အေးလေ . . . နှင်းဆီမွေ့ယာကို ယေရှုဘုရားက ကတိထားခဲ့မှ မဟုတ်တာ။ ဒုက္ခကို ရင်ဆိုင်ရဲတဲ့သတ္တိ၊ ဘဝကိုရှင်သန်ဖို့ ခွန်အား၊ ရှေ့ဆက်လှမ်းဖို့၊ မျှော်လင့်ချက်၊ နက်ရှိုင်းတဲ့ယုံကြည်ခြင်း၊ ဒါတွေ ကိုပဲ သူပေးသွင်းခဲ့တာလေ။ သောတရှင်တို့ရေ တွေဝေမနေနဲ့ . . .။ ကားတိုင်လမ်းဆိုတာ ကတ္တီပါခင်းတဲ့ ပန်းကောဇောမှ မဟုတ်တာ။ ကားတိုင်ထမ်းပြီး လိုက်လျှောက်ကြရအောင်လေ။ ယေရှုဘုရားရှင်ရဲ့နောက်ကိုလိုက်လျှောက်နေတဲ့ ရဟန်း ကိုရင် သူတော်စင်တွေအတွက်လည်း အထူးသတိရဆုတောင်းပေးကြရအောင်။ သူတို့တွေရဲ့ ဘဝဟာ စွန့်လွှတ်ခြင်းနဲ့ ဖြစ် တည်ခဲ့ရတာပါ။ မိဘတွေကို စွန့်ခဲ့တယ်။ ဇာတိမြေကို ထားခဲ့တယ်။ ချစ်သူကို ဥပေက္ခာ ပြုခဲ့တယ်။ ဘုရားကိုချစ်လို့ အများအတွက် ပူဇော်နေကြတဲ့ သူတို့တွေ ဘုရားခေါ်တဲ့လမ်းကို ကားတိုင်ထမ်းပြီး သစ္စာရှိစွာ ပေးဆပ်နိုင်ပါစေလို့ သောတရှင်များနဲ့အတူ ကျနော် ဆုတောင်းပေးလိုက်ပါတယ်။ သောတရှင်ဓမမိတ်ဆွေတို့လည်း ပါပါးဖရန်စစ်ရဲ့ မင်္ဂလာ သတင်းစကားတွေကနေ ခွန်အားတွေရယူနိုင်ကာ နေ့စဉ်ကြုံတွေ့နေရတဲ့ ဘဝရဲ့ကားတိုင်လေးတွေကို ပူဇော်ခံထမ်းရင်း ဘုရားရှင်ရဲ့နောက်တော်သို့ လိုက်လျှောက်နိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ . . . ။